## ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်
## Yangon Protestant Reformed Church
## တနင်္ဂနွေစာစောင်

**နေ့စွဲ – ၂၂. ၈. ၁၀**

(Doctrine According to Godliness, Rev. Ronald Hanko၏စာအုပ်မှ ဘာသာပြန်ပါသည်)

### ဘုရားသခင်၏နာမည်များ(God's Names)

ဘုရားသခင် မိမိကိုယ်ကို ကျွန်တော်တို့ထံ ဖွင့်ပြတော်မူသည့်နည်းလမ်းများထဲမှတခုမှာ သူ၏နာမည်များအားဖြင့်ဖြစ်ပါသည်။ ထိုအတွက်ကြောင့်ပင် ကျမ်းစာထဲ၌ ကွဲပြားသောနာမည်အများအပြားကို ပေးထားတော်မူခြင်းဖြစ်သည်။ ထိုနာမည်များသည် များလွန်းလှပါသည်၊ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် ကြီးမြတ်လွန်းကာ၊ သူ၏ဘုန်းတော်သည် မကုန်ဆုံးနိုင်ဖြစ်တော်မူသောကြောင့်ဖြစ်သည်။ ထိုနာမည်တခုခြင်းစီက သူ၏အကြောင်းတစုံတခုကို ပြောပြနေကြပါသည်။ သို့သော် ထိုနာမည်များအားလုံးက သူ၏အနန္တဖြစ်တော်မူခြင်းကို အကုန်အစင် ဖေါ်ပြခြင်းငှာ မစွမ်းဆောင်နိုင်ကြပါ။

ထိုနာမည်များကို လေ့လာကြသည့်အခါ၊ မှတ်ထားရမည်မှာ၊ ဘုရားသခင်၏နာမည်များသည် ကျွန်တော်နာမည်များနှင့် မတူကြပါဆိုသည့်အချက်ကိုဖြစ်သည်။ ကျွန်တော်တို့၏နာမည်များသည် ပြောင်းလဲ၍ရသောသတ်မှတ်ချက်မျှသာဖြစ်ပါသည်၊ နာမည်ကိုပြောင်းလိုက်လျှင်လည်း၊ ကျွန်တော်တို့ဘယ်သူဖြစ်သည်၊ ဘာဖြစ်သည်ကို ပြောင်းမပစ်နိုင်ပါ။

ဘုရားသခင်၏နာမည်များက သူသည် ဘယ်သူဖြစ်သည်၊ ဘာဖြစ်သည်ဆိုသည်တို့ကို ပြောပြပါသည်။ အချို့သောသူများက ထိုနာမည်များကို အလွဲသုံး၍၊ မလေးမစား ပြုတတ်ကြပါသည်။ ထိုသို့ပြုခြင်းသည် ဘုရားသခင်ကိုယ်တိုင်ကို မလေးစားခြင်းနှင့်အတူတူဖြစ်ပါသည်။ ထို့ကြောင့် မိမိနာမည်ကို အစိပ်ပွါယ်မရှိသကဲ့သို့၊ သန့်ရှင်းမှုမရှိသကဲ့သို့ အချည်းနှီး၊ အလွဲသုံးစားပြုသူများကို ဘုရားသခင်က အပြစ်ရှိသည်ဟုသတ်မှတ်တော်မူခြင်းဖြစ်သည်။

ဘုရားသခင်၏နာမည်များကို အလွဲသုံးခြင်းသည် ကြီးသောအပြစ်ဖြစ်ပါသည်။ ထိုအပြစ်ကို တတိယပညတ်တော်တွင် သတိပေးတားမြစ်ထားပါသည် (ထွက် ၂၀း၇)။ သို့သော် တချိန်ထဲတွင် သိထားရမည်မှာ ဘုရားသခင်၏နာမည်များကို လုံးဝအသုံးမပြုခြင်းလည်း ကြီးသောအပြစ်ဖြစ်နေခြင်းကိုဖြစ်ပါသည်။ ဘုရားသခင့်နာမည်ကို အလွဲသုံးစားပြုခြင်းကြောင့် အပြစ်ဒဏ်ခံရမည်ဖြစ်သလို၊ ဘုရားသခင်၏နာမည်ကို လုံးဝမသုံးခြင်းကြောင့်လည်း အပြစ်ဒဏ်ခံရမည်သာဖြစ်ပါသည်။

တတိယပညတ်တော်၊ ပညတ်တော်များအားလုံး၊က တစုံတခုကို မပြုလုပ်ရန် တားမြစ်သည်သာ မကပါ၊ တစုံတခုကိုလည်း ပြုလုပ်ရန် တောင်းဆိုကြပါသည်။ တတိယပညတ်တော်က ဘုရားသခင်၏နာမည်များကို သန့်ရှင်းစွာ၊ ရိုသေလေးစားစွာ၊ ဘုရားသခင်၏ဘုန်းတော်ထင်ရှားရန် အသုံးပြုဖို့ တောင်းဆိုပါသည်။ ကျွန်တော်တို့သည် ဘုရားသခင်၏နာမည်များကို ဟိုပေါက်ဒီတပေါက်မဟုတ်ဘဲ၊ သေချာစွာ လေ့လာကြရပါမည်၊ အဘယ်ကြောင့်ဆိုသော် ၎င်းတို့က ဘုရားသခင်၏အကြောင်းကို ပြောပြကြသောကြောင့်ဖြစ်သည်။

ဆုတောင်းကြသည့်အခါ၊ ကျွန်တော်တို့သည် ဘုရားသခင်၏နာမည်များကို ဟိုတပေါက်ဒီတပေါက်သုံးတတ်ကြပါသည်။ ဆုတောင်းစဉ်ခေါင်းထဲပေါ်လာသောနာမည်ဖြင့် ဘုရားသခင်ကိုလိပ်မူကာ ဆုတောင်းတတ်ကြပါသည်။ ထိုသို့ဆုတောင်းခြင်းသည် ကျမ်းစာက သင်ပေးသည်နှင့်ခြားနားနေပါသည်။ ကျမ်းစာတွင် ဘုရားသခင်၏နာမည်များကို ဂရုတစိုက်သုံးသည်ကို တွေ့ရပါသည်။ ဘုရားသခင်နှင့်ပတ်သက်သည့်အမှန်တရားတခုပြောပြရန် တခုသောနာမည်ကိုသုံးတတ်ပါသည်။ တစုံတယောက်၏ဆုတောင်းခြင်းနှင့်ကိုက်ညီမည့်နာမည်ကို သုံးတတ်ကြောင်း၊ ချီးမွမ်းသည့်အခါ ကိုက်ညီမည့်နာမည်သုံးတတ်ကြောင်း တွေ့ရပါသည်။

ဥပမာ၊ ယောဟောဝါ ဆိုသောနာမည်ကို ကျွန်တော်တို့ကလေးများအတွက် ဘုရားသခင့်ပဋိညာဉ်ကတိတော်ကို ရည်စူးလျှက် ဆုတောင်းသောအခါ သုံးသင့်ပါသည်။ ထိုနာမည်ထက်သင့်တော်သောစကားလုံး ကို

တွေ့နိုင်မည်မဟုတ်ပါ။ အပြစ်များကိုဝန်ချတောင်းပန်ဆုတောင်းသည့်အခါ၊ သန့်ရှင်းတော်မူသောအရှင် ဆိုသည့်နာမည်ကို သုံးသင့်ပါသည်။

ယောဟောဝါ ဆိုသောနာမည်ကို ဂျူးတို့က၊ ၎င်းနာမည်၏သန့်ရှင်းခြင်း၊ ပြည့်စုံခြင်းတို့ကို ပြစ်မှားမိမည်စိုးသောကြောင့် မသုံးဘဲနေခြင်းမျိုးသည် အလွန်မှားပါသည်။ ဘုရားသခင်က သူ့နာမည်များကို ကျွန်တော်တို့ထံပေးထားတော်မူခြင်းသည်၊ သူ့အကြောင်းကိုပြောကြသည့်အခါ၊ သူ့ထံတော်သို့ ဆုတောင်းကြသည့်အခါ အသုံးပြုနိုင်ရန် ပေးထားခြင်းဖြစ်ပါသည်။ သူ့ထံစကားမပြောခြင်း၊ သူ့အကြောင်းမပြောဘဲနေခြင်းသည်၊ သူမရှိသလို နေထိုင်ခြင်းဖြစ်သည်၊ သူ့ကို ငြင်းပယ်ခြင်း၊ ပစ်ပယ်ခြင်းဖြစ်သည်။ ထိုသို့ မပြုကြရပါ။

ကျွန်တော်တို့၏တာဝန်သည် သူ့နာမည်များကိုအသုံးပြုရန်ဖြစ်ပါသည်။ သန့်ရှင်းသောကြောက်ရွံ့မှုဖြင့် ရိုသေလေးစားစွာအသုံးပြုခြင်းဖြစ်ပါသည်။ နာမတော်ကို ချီးမွမ်းရန်၊ သူ့ထံဆုတောင်းရန်၊ သူ့အကြောင်းပြောရန်၊ သူ၏ဂုဏ်တော်ကိုဖော်ထုတ်ရန် အသုံးပြုခြင်းဖြစ်သည်။ ထိုသို့ပြုမှသာ ကျွန်တော်တို့သည်သူ့စကားကို နာခံခြင်းမည်ပါသည်၊ သူ၏နာမည်များကို မှန်ကန်စွာအသုံးပြုခြင်းမည်ပါသည်။

သင် သူ၏နာမည်များကိုသိပါသလား? အသုံးပြုနေပါသလား?

## ယေဟောဝါဆိုသောအမည် (The Name Jehovah)

ယေဟောဝါဆိုသောနာမည်သည် ဘုရားသခင်၏အရေးကြီးဆုံးသောအမည်များထဲမှ တခုဖြစ်သည်။ ထိုနာမည်ကို ၆၈၂၃ ကျမ်းမှုထဲ၌ သခင်(LORD)ဟု ဘာသာပြန်ပါသည်။ 'ယေရှု'ဆိုသောအမည်၏ အစိတ်အပိုင်းတခုလည်းဖြစ်သည်။ 'ယေ'သည် ယေဟောဝါကို အတိုကောက်ယူထားခြင်းဖြစ်သည်။

ဘုရားသခင်သည် ယေဟောဝါဆိုသောအမည်ဖြင့် မောရှေနှင့်အစ္စရေးလူတို့ထံ သူသည်မိမိပဋိညာဉ်ကိုမမေ့သူ၊ မိမိလူများကို အီဂျစ်ပြည်တွင်ကျွန်ခံနေရခြင်းမှ ကယ်လွှတ်မည့်သူဖြစ်ကြောင်း သေချာစေရန် ဖွင့်ပြတော်မူခဲ့ပါသည် (ထွက် ၃း၁၁-၁၅)။ ထိုသို့ဖွင့်ပြစဉ်တွင် ယေဟောဝါဆိုသောအမည်၏အဓိပ္ပါယ်ကိုလည်း တဆက်ထဲ ပြောပြခဲ့ပါသည်၊ "ဘုရားသခင်ကလည်း၊ ငါဖြစ်သည်အတိုင်း ငါဖြစ်၏ဟူ၍၎င်း၊ ငါဖြစ်သည်ဟု အမည်ရှိသောသူသည် ငါ့ကို သင်တို့ရှိရာသို့ စေလွှတ်တော်မူပြီဟု ဣသရေလအမျိုးတို့အား ပြန်ပြောလော့ဟု၊ မောရှေအား မိန့်တော်မူ၏။" ထွက် ၃း၁၄

ထို့ကြောင့် ယေဟောဝါဆိုသောအမည်က ဘုရားသခင်သည် ပြောင်းလဲတော်မူခြင်းမရှိသူဖြစ်ကြောင်း ပြောပြပါသည်။ ပန်ဆင်းထားသောအရာတို့မှာ ရှိနေသည်၊ ရှိခဲ့သည်၊ ရှိလိမ့်မည်ဟု အမြဲပြောင်းနေပါသည်၊ သို့သော် ဘုရားသခင်သည် ထိုသို့မဟုတ်ပါ။ သူ၏ထံတော်တွင် ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ် မရှိပါ။ သူ သည် အမြဲတမ်းဒီအတိုင်းဖြစ်ပါသည်(He is)။ ကျွန်တော်တို့အတွက် အတိတ်၊ အနာဂတ်ဆိုသောအရာသည် သူ့အတွက် အကျုံးမဝင်ပါ။ ထိုအကြောင်းအရာသည် ကျွန်တော်တို့အတွက် နားလည်ရခက်ကောင်းခက်နိုင် ပါမည်။ အရာခပ်သိမ်းသည် ထာဝရကထဲက သူ့ရှေ့တော်မှောက်တွင် ရှိနေကြသည်။ သူ့အတွက် နှစ်များစွာ ဖြတ်သန်းသွားခြင်း၊ ထောင်စုနှစ်များစွာကြာပြီဖြစ်ခြင်းတို့သည် အဓိပ္ပါယ်မရှိပါ၊ သူ့ကိုပြောင်းမသွားစေပါ။ ထို အကြောင်းကို အတွေးထဲတွင် တွေးကြည့်ခြင်းသည်ပင် ကျွန်တော်တို့အတွက် အခက်တွေ့ရပါသည်။ အဘယ် ကြောင့်ဆိုသော် ကျွန်တော်တို့သည် အစဉ်အမြဲပြောင်းလဲနေကြ၍ဖြစ်သည်၊ ပြောင်းလဲခြင်းတို့ကြားတွင် အ သက်ရှင်နေကြသောကြောင့်ဖြစ်သည်။ "ပြောင်းလဲခြင်းနှင့် ပျက်ကြွေသွားကြခြင်းတို့ကို ပတ်ဝန်းကျင်တွင် တွေ့နေရပါသည်။" ထိုသို့ ဘုရားသခင်၏ ဖြစ်နေခြင်းကို တွေး၍ပင်သဘောပေါက်ရခက်ခြင်းက သူသည် ဘု ရားစစ်ဘုရားမှန်ဖြစ်ကြောင်း ပြသနေပါသည်။ သူ၏အဖြစ်တော်ကို တွေး၍အကုန်အစင် နားလည်နိုင်သည် ဆိုလျှင်၊ အပြည့်အဝနားလည်နိုင်သည်ဆိုလျှင် သူသည် ကျွန်တော်တို့၏ သေးငယ်လှသောစိတ်ကူးထက်ပင် မကြီးမားသူသာ ဖြစ်နေပါမည်။

ထွက်မြောက်ရာကျမ်း၊ အခန်းကြီး(၃)ကပြောသလို၊ ယေဟောဝါဆိုသည့်နာမည်က ဘုရားသခင်သည်၊ အထူးသဖြင့်၊ မိမိလူများနှင့်ပတ်သက်၍ မပြောင်းလဲသူဖြစ်ကြောင်း ပြောပြနေပါသည်။ သူ၏ မပြောင်းလဲသူဖြစ်တော်မူခြင်းကို၊ လက်တွေ့မဆန်သည့် အိုင်ဒီယာတခုအနေနှင့် ပြောနေခြင်းမဟုတ်ပါ၊ သူ၏ချစ်ခြင်းသည်၊

ဂရုဏာတော်သည်၊ ကတိတော်များသည်၊ ကျေးဇူးတော်သည် မပြောင်းလဲနိုင်ကြောင်း၊ မိမိလူများကို ကယ်တင်လိုသောဆန္ဒတော်နှင့် ကောင်းချီးပေးလိုခြင်းသည် ဘယ်တော့မှမပြောင်းလဲနိုင်ကြောင်းကို ပြောနေခြင်းဖြစ်ပါသည်။

ထိုနာမည်က ကျွန်တော်တို့ကို သတိရနေစေသည်မှာ၊ ဘုရားသခင်၏လူများသည် ထာဝရကာလထဲကပင် ဘုရားသခင်၏ပိုင်ဆိုင်ခြင်းကို ခံကြရသည်၊ ထိုအဖြစ်မှနေ၍ ဘယ်တော့မှ မပြောင်းလဲပါ ဆိုသည့်အမှန်တရားကိုဖြစ်ပါသည်။ သူ၏ပိုင်ဆိုင်တော်မူခြင်းကို ခံကြရရန် လာကြခြင်းမဟုတ်ပါ၊ တောင်များမပေါ်မှီ၊ ကမ္ဘာမြေကြီးကို မဖွဲ့စည်းမှီကပင် ဘုရားသခင်က သူတို့ကို ပိုင်ဆိုင်ပြီး ဖြစ်ပါသည်(ဆာလံ ၉၀း၂)။ အမြဲတမ်း၊ ထာဝရကာလတိုင်အောင် ဘုရားသခင်သည် သူတို့နေထိုင်ရာ ဖြစ်တော်မူနေမည်ဖြစ်ပါသည်။

ယေဟောဝါဆိုသောအမည်ကို ဘုရားသခင်က သူသည် ပဋိညာဉ်ဘုရားသခင်ဖြစ်ကြောင်း ဖေါ်ပြဖို့ရန်၊ အခြားအမည်များထက်၊ အသုံးပြုတော်မူပါသည်။ ထိုအမှန်တရားသည် ထွက်မြောက်ရာကျမ်း(၃)တွင် ထင်ရှားနေပါသည်၊ မိမိ၏ပဋိညာဉ်ကို မမေ့သူ၊ စောင့်ရှောက်သူအဖြစ် ထိုအမည်နှင့်အဓိပ္ပါယ်ကို ဘုရားသခင်က ဖွင့်ပြခြင်း ဖြစ်သည်။

ထို့ကြောင့် ယေဟောဝါဆိုသော်အမည်က ဘုရားသခင်၏ မပြောင်းလဲခြင်းကို ပြောပြနေသလို၊ သစ္စာရှိခြင်းကိုလည်း ဖေါ်ပြပါသည်။ ဘုရားသခင်၏သစ္စာရှိခြင်းဆိုသည်မှာ၊ သူချစ်၍၊ ရွေးချယ်ထားသူများဖြစ်သည့် မိမိ၏ပဋိညာဉ်လူများအပေါ်ထားရှိသည့် မပြောင်းလဲသောစိတ်သဘောထားဖြစ်ပါသည်။ သူတို့ကို ဘယ်တော့မှ စွန့်မပစ်ပါ၊ မေ့မထားပါ၊ ထာဝရချစ်ခြင်းဖြင့် ချစ်တော်မူပါသည်။ ထိုချစ်ခြင်းဖြင့်သူတို့ကို မိမိထံသို့ ခေါ်ယူပါသည်။

ဘုရားသခင်၏သစ္စာရှိတော်မူခြင်းကို သိသောသူများ ယေဟောဝါဆိုသောအမည်ကို ဝမ်းမြောက်စွာဖြင့် မကြာခဏ သုံးကြပါလေ။ အမှန်ပြောရလျှင် ထိုအမည်ထက် ကြီးမြတ်သောအမည် မရှိပါ။

## ဘုရားသခင်ဆိုသောအမည်(The Name God)

"ဘုရားသခင်"ဆိုသောအမည်သည် ကျမ်းစာထဲတွင် အနန္တတန်ခိုးတော်ရှင်ကို ခေါ်ဆိုရန် အများဆုံးသုံးသော အမည်ဖြစ်ပါသည်။ ထိုနာမည်သည် သူ၏အစိုးရတော်မူခြင်း၊ သုံးပါးတဆူဖြစ်ခြင်း၊ အနန္တပြည့်စုံခြင်းများကို ပြောပြပါသည်။

ဓမ္မဟောင်းကျမ်းစာထဲမှ နာမည်အတော်များများ၏ တစိတ်တပိုင်းလဲ ဖြစ်ပါသည်၊ ဥပမာ – ဧလိယ၊ ဧလိရှဲ၊ ဒံယေလ၊ နာသနေလ၊ ဧလိ၊ ထိုအမည်များတွင် 'ဧ'(El)ဆိုသည့်စကားလုံးသည်(ဒံယေလတွင်တော့ နောက်ဆုံးစကားလုံး 'လ'တွင်ဖြစ်မည်)၊ 'ဘုရားသခင်'ဆိုသည့်စကားလုံး၏ အဆုံးသတ်နှင့် အတူတူပင်ဖြစ်ပါသည်(ဘုရားသခင်ကို ဟီဗရူးဘာသာတွင်၊ အဲလိုဟင်းမ် = Elohim ဟုခေါ်သည်)။ ထိုသို့ နာမည်၏အစိတ်အပိုင်းတွင် ဘုရားသခင်၏နာမည်ကို သုံးကြခြင်းမှာ ဘုရားသခင့်ဘုန်းအသရေကို ဖေါ်ထုတ်ပြသရန်အတွက် သုံးကြခြင်းဖြစ်ပါသည်။

ဟီဗရူးဘာသာတွင် အဲလိုဟင်းမ်ဆိုသည့်နာမည်သည် အများကိန်းဖြစ်ပါသည်။ ဘုရားသခင်တဆူမကရှိသည်ဟု ပြောလိုခြင်းမဟုတ်ပါ၊ ဘုရားသခင့်လူများ၏ ဘာသာရေးအစပျိုးမှုသည် ဘုရားအများကိုးကွယ်ခြင်းမှ စတင်လာသည်ဟု ပြောလိုခြင်းလဲမဟုတ်ပါ။ ပြောလိုသည်မှာ ဘုရားသခင်သည် သုံးပါးတဆူဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်သည်(ကမ္ဘာ ၁း၂၆ တွင် "ငါတို့"ဆိုသည့်အများကိန်းကိုသုံးထားပါသည်)။ ဘုရားသခင်၏ မြောက်များလှသော ဘုန်းအသရေ၊ ပြည့်စုံခြင်းတို့ကို ဖေါ်ပြရန်သုံးခြင်းလည်း ဖြစ်ပါသည်။ (သူသည် တဆူတည်းသောဘုရားသခင်ဖြစ်သော်လည်း၊ ဘုန်းအသရေ၊ တန်ခိုးတော်၊ ကြီးမြတ်ခြင်းတို့ဖြင့် များပြားလှသောဂုဏ်အသရေကိုပိုင်ဆိုင်ကြောင်း ပြောနေခြင်းဖြစ်သည်)။

ထို့ကြောင့် ဘုရားသခင်ဆိုသောနာမည်ကို သီဩလော်ဂျီတွင် "ထူးခြားမြင့်မြတ်ခြင်း၌အများကိန်းဖြစ်ခြင်း"(a plural of excellency)၊ (သို့) "ခန်းနားခြင်း၌အများကိန်းဖြစ်ခြင်း"(a plural of majesty) ဟုခေါ် တတ်ကြပါသည်။ သူသည် ဘုရားသခင်ဖြစ်တော်မူသည်၊ သူနှင့်တူသူ မရှိ၊ သူ့ကို

ပုန်းခြင်းယှဉ်နိုင်သူမရှိ၊ သူ တပါးတည်းသာလျှင် ကိုးကွယ်ထိုက်၊ ချီးမွမ်းထိုက်၊ နာခံထိုက်သောသူ ဖြစ်တော်မူပါသည်။ ထို့ကြောင့် ကျမ်း စာတွင် ထိုနာမည်ကို အများဆုံးသုံးခြင်းသည် အံ့သြစရာမဟုတ်ပါ။

ထိုနာမည်သည် မယုံကြည်သူတို့၏ရုပ်တုများနှင့်ဘုရားသခင်ကို ခြားနားစေသောအမည်လည်းဖြစ်ပါသည်။ သူသည် မယုံကြည်သူများ၊ ၎င်းတို့၏ရုပ်တုများအားလုံးတို့အပေါ် အုပ်စိုးတော်မူသောဘုရားသခင် ဖြစ်တော်မူသည်။ ထိုရုပ်တုများကို ဘုရားဟုခေါ်ကြခြင်းမှာ ကိုးကွယ်သူတို့၏ဆန္ဒသတောပြည့်ဝစေရန်သာ ဖြစ်သည်၊ တကယ်တမ်းတွင် ထိုရုပ်တုများသည် မမြင်နိုင်၊ မကြားနိုင်၊ မပြောနိုင်၊ မလှုပ်နိုင်၊ မကယ်တင်နိုင်ကြပါ (ဆာလံ ၁၁၅း၄–၈)။ ထိုဘုရားများကို ပြုလုပ်သောသူတို့သည် သူတို့ပြုလုပ်သောဘုရားများနှင့်အတူတူ ဖြစ်ကြပါသည်။

ဘုရားသခင်သည် မိမိလူများနှင့်ဆက်နွယ်၍လည်း ဘုရားသခင်ဖြစ်တော်မူပါသည်။ သူတို့ထံသို့ ဘုရားသခင်သည် အထူးသဖြင့် သူ၏ထူးခြားမြင့်မြတ်လှသည့် အစိုးရတော်မူသော ကျေးဇူးတော်နှင့်ဂရုဏာတော်၊ ခန်းနားလှသော သူ၏တန်ခိုးတော်နှင့်ချစ်ခြင်းတို့ကို ဖွင့်ပြတော်မူပါသည်။ ဟီဗရူးဘာသာဖြင့် သူ၏နာမည်သည် အများကိန်းဖြစ်ခြင်းက ယုံကြည်သူတို့ကို သူတို့သည် ဤကြီးမြတ်တော်မူလှသော ဘုရားသခင်ကို မဆုံးနိုင်သောချီးမွမ်းခြင်းဝတ်ပြုခြင်းဖြင့် ရှိသေကိုးကွယ်ရမည့်အကြောင်းကို အမြဲ သတိရစေပါသည်။ ကျွန်တော်တို့သည် ဘုရားသခင်၏နာမည်ကို သူ့ထံစကားပြောဖို့၊ သူ၏အကြောင်းပြောဆိုဖို့ အထက်ကဖေါ်ပြခဲ့သည့် အမှန်တရားများကို အထူးပြုဖို့ အမြဲအသုံးပြုကြရပါမည်။ ဘုရားတရားမရှိသူတို့၏ ဒုက္ခပေးခြင်းကို ခံကြရသည့်အခါ၊ (သို့) နှိပ်စက်ညှင်းဆဲခြင်းကြောင့် စိတ်ဓါတ်ကျကြသည့်အခါ၊ အခြားသောဒုက္ခဆင်းရဲခြင်းများကို ခံကြရသည့်အခါ၊ သူသည်ဘုရားသခင်ဖြစ်တော်မူကြောင်း ကျွန်တော်တို့ သတိရကြရပါမည်။ သူ့ကို ဝတ်ပြုကြသည့်အခါ ဘုရားသခင်ဆိုသည့်အမည်ကိုအသုံးပြုခြင်းသည် အင်မတန်သင့်တော်လှပါသည်။ သူသည် သုံးပါးတဆူဘုရားသခင်ဖြစ်ကြောင်း မိမိတို့ကိုယ်ကို သတိပေးကြသည့်အခါ ထိုနာမည်ကို သုံးကြရပါသည်။ သူ၏ခန်းနားခြင်း၊ တန်ခိုးတော်၊ အနန္တဘုန်းအသရေတို့ကို သိနားလည်စရာအကြောင်းပေါ်တိုင်း မိမိတို့၏နှုတ်ခမ်းများနှင့်စိတ်ထဲတွင် ဘုရားသခင်ဆိုသောအမည်သည် ရှိနေရပါမည်။

ထို့ကြောင့် ထိုနာမည်ကို အလွဲမသုံး၊ မှန်ကန်စွာသုံးသူများဖြစ်ကြပါမည်။

×××××××××××××××××××××××××××××××××××××××××××××××

# ဗျာဒိတ်ကျမ်းကိုဖွင့်ဟကြည့်ခြင်း (၄)

၂း၁-၇

၁ – ဖေက်မြို့၌ရှိသောအသင်းတော်၏တမန်ကို ဤသို့ရေး၍ မှာလိုက်လော့။ လက်ျာလက်၌ ကြယ်ခုနှစ်လုံးကိုကိုင်၍ ရွှေမီး ခွက်ခုနှစ်လုံးအလယ်၌သွားလာသောသူ၏အမိန့်တော်ကား၊ သင်၏ အကျင့်ကျင့်ခြင်း၊ ပင်ပန်းစွာလုပ်ဆောင်ခြင်း၊ သည်း ခံ ခြင်းကို ငါသိ၏။ ၂ – သင်သည် မတရားသောသူတို့ကို လက်မခံနိုင်ကြောင်းကို၄င်း၊ တမန်တော်မဟုတ်ဘဲ၊ တမန်တော် ဖြစ်ယောင်ဆောင်သော သူတို့ကို စစ်ဆေး၍ လှည့်ဖြားသောသူဖြစ်သည်ဟု သိကြောင်းကို၄င်း၊ ၃ – ခန္တီနှင့်ပြည့်စုံ၍၊ ငါ့နာမ ကြောင့် ဆင်းရဲခံရ၍ အားမလျှော့ကြောင်းကို၄င်း ငါသိ၏။ ၄ – သို့သော်လည်း၊ သင်သည် ရှေ့ဦးစွာသောချစ်ခြင်းမေတ္တာ လျှော့ပြီဟု သင်၌အပြစ်တင်စရာရှိ၏။ ၅ – ထို့ကြောင့် သင်သည် မရွေ့လျှော့မှီ၊ အရင်နေရာအရပ်ကို အောက်မေ့လော့။ နောင် တရလော့။ ရှေဦးစွာသောအကျင့်ကို ကျင့်လော့။ သို့မဟုတ် သင်ရှိရာသို့ ငါသည်အလျှင်အမြန်လာမည်။ နောင်တမရလျှင် သင်၏မီးခွက်ကို နေရာမှရွှေမည်။ ၆ – သို့သော်လည်း ငါမုန်းသော နိကောလတပည့်တို့၏ အကျင့်ကို သင် လည်း မုန်းသည်ဟု ပြောစရာရှိ၏။ ၇ – ဝိညာဉ်တော်သည် အသင်းတော်အား အဘယ်သို့ မိန့်တော်မူသည်ကို နားရှိသောသူမည်သည်ကားကြား ပါစေ။ အကြင်သူသည် အောင်မြင်၏။ ထိုသူသည် ငါ၏ဘုရားသခင် ပရဒိသုဥယာဉ်၌ရှိသော အသက်ပင်၏အသီးကို စားစေ ခြင်းငှာ ငါအခွင့်ပေးမည်။

က။ အသင်းတော်ခုနှစ်ခုသို့ပေးစာများသည် ပုံစံတစ်ခုတည်းနှင့်ပေးခြင်းဖြစ်ပါသည်။ ၁ – လိပ်မူခြင်း၊ သခင်ခရစ်တော်၏ မိမိကိုယ်ကိုမည်သူဖြစ်ကြောင်းကြေညာခြင်း။ ၂ – လိပ်မူထားသောအသင်းတော်၏အခြေအနေကို လေးစားစွာဖေါ်ပြခြင်း၊ ၎င်း၏ကောင်းသောအခြေအနေ၊ မကောင်းသောအခြေအနေ နှစ်မျိုးစလုံးကို ဖြစ်သည်။ ၃ – အားပေးခြင်း၊ နောင်တရရန်ပြောပြခြင်း၊ မရလျှင် တရားစီရင်ခြင်းလာမည့်အကြောင်းပြောပြခြင်း၊ ကတိပေးခြင်း။

ခ။ လိပ်မူခြင်း၊ မိမိကိုယ်ကို ဖေါ်ပြခြင်း၊

၁။ ငယ်(၁) ဧဖက်မြို့၌ရှိသောအသင်းတော်၏တမန်ကို ဤသို့ရေး၍မှာ လိုက်လော့။ တမန်ဆိုသည်မှာ အသင်းတော်၏ကိုယ်စားလှယ် သင်းအုပ်ကိုပြောနေခြင်းဖြစ်သည်။

၂။ ဧဖက်မြို့သည် အာရှမိုင်းနားဆိပ်ကမ်းမြို့ဖြစ်သည်။ ကြက်ပျံမကျ စည်းကားသောမြို့ဖြစ်သည်။ရုပ်တုဆင်းတုကိုးကွယ်ကြသည်။ နာမည်ကြီး ဒိုင်ယာနာနတ်ဘုရားမ၏နတ်ကွန်းရှိသည်၊ တမန် ၁၉း၂၃။ ထိုဧဖက်မြို့အသင်းတော်တွင် ပေါလု၊ တိမောသေ၊ ယောဟန်တို့ အမှုတော်ဆောင်ကြသည်။

၃။ သခင်ယေရှုက သူကိုယ်သူ ညာဖက်လက်ထဲတွင် ကြယ်ခုနှစ်လုံးကို ကိုင်ထားသူ၊ ရွှေမီးခွက်ခုနှစ်လုံးအလယ်တွင် သွားလာသူဟု ဖေါ်ပြသည်။ အားလုံးကိုအစိုးရသူ၊ ထိန်းချုပ်သူဟုပြောလိုခြင်းဖြစ်သည်။

ဂ။ ချီးမွမ်းထိုက်သောအခြေအနေများ။

၁။ သင်၏အလုပ်ကို ငါသိသည်ဟုပြောပါသည်(ဆရာယုဒသန်က အကျင့်ဟု ဘာသာပြန်ပါသည်)။ အသင်းတော်၏ အသက်ရှင်ပုံကိုပြောခြင်းဖြစ်သည်။ သခင်ခရစ်တော်က သူတို့မည်ကဲ့ သို့အသက်ရှင်ကြောင်း အသေအချာသိပါသည်။ မှန်ကန်စွာ သုံးသပ်ပြပါသည်။ ထိုအကျင့်ကို ပင်ပန်းစွာလုပ်ဆောင်ခြင်းနှင့် ထပ်ပေါင်းထည့်ပေးပါသည်။ ဆန့်ကျင်သူများ ဒုက္ခပေးသူများကြောင့် ပင်ပန်းရခြင်းဖြစ်သည်။ ထို့ကြောင့် သည်းခံခြင်းဟုထပ်ပြောသည်။ သခင်ခရစ်တော်အတွက် အခက်အခဲများကို သည်းခံကြသည်။

၂။ ဧဖက်အသင်းတော်သည် လူဆိုးများကိုလက်မခံပါ(ငယ်၂)။ ဆရာတုဆရာယောင်များကို သေချာစွာ စီစစ်၍ ငြင်းပယ်ကြသည်။ သခင်ခရစ်တော်ကလည်းမုန်းသော နိကောလတပည့်များကို မုန်းကြသည်။ ထိုအုပ်စုသည် ပညတ်ချက်မှန်သမျှကို ဆန့်ကျင်ကြသူများဖြစ်သည်။ ခရစ်ယာန်သည် ဘာမဆိုလုပ်လျှင်လည်း ဘာမှမဖြစ်ပါဟု၊ ခရစ်ယာန်တို့၏လွတ်လပ်ခြင်းကို အလွဲသုံးစားလုပ်သူများဖြစ်ကြသည်။

၃။ ထို့အပြင် သခင်ခရစ်တော်၏နာမတော်ကြောင့် ဘယ်တော့မှအားမလျော့သူ၊ နောက်ပြန်မလှည့်သူဖြစ်သည်။ စံထားထိုက်သောအသင်းတော်ဖြစ်သည်။ ဩဝါဒတွင် ခိုင်မာသည်၊ စည်းကမ်းထိန်းသိမ်းခြင်းကို လက်တွေ့ဖေါ်ဆောင်သည်၊ သစ္စာရှိစွာ အသက်ရှင်သည်။ သို့သော် အရေးကြီးသောအားနည်းချက် ရှိနေပါသည်။

ဃ။ အားနည်းချက်။ ရှေ့ဦးစွာသောချစ်ခြင်းမေတ္တာလျော့ပြီ။

၁။ ထိုချစ်ခြင်းသည် ခရစ်တော်၌ရှိသောဘုရားသခင်၏ချစ်ခြင်းကိုဆိုလိုသည်။ အသင်းတော်အသက်ရှင်နိုင်ခြင်း၏ အခြေခံအကျဆုံး အရင်းအမြစ်ဖြစ်သည်။

၂။ ထိုချစ်ခြင်းသည် အသင်းတော်တည်ထောင်စက ရှိခဲ့သည့်အခြေအနေဖြစ်သည်။ ထိုစဉ်က ချစ်ခြင်းနှင့်ပြည့်နေခဲ့သည်၊ တိုးတက်လျှက်ရှိခဲ့သည်။

၃။ ထိုချစ်ခြင်းကို ယခုတော့ စတင်မေ့ကြပြီ။ အသင်းတော်၌ပြည့်မနေတော့၊ အချို့တို့မှာ ရှိကိုမရှိတော့ပါ၊ အချို့တို့မှာ အိပ်ပျော်လျှက်ရှိနေကြပြီဖြစ်သည်။ အေးတိအေးစက်ဖြစ်နေကြပြီ။

၄။ ထိုသို့ဖြစ်ရခြင်းသည် အသင်းတော်တွင်တာဝန်ရှိသည်။ အသင်းသားများကိုကောင်းစွာမကြည့်ရှု၍ ထိုသို့ဖြစ်ရသည်။ ဝိညာဉ်ရေးရာအမြင်ရှိဖို့ အထူးပြုမသင်ပေး၍ဖြစ်သည်။

၅။ ထို့ကြောင့် အသင်းတော်သည် အနည်းငယ်သာကျန်တော့သည့် ချစ်ခြင်းမေတ္တာဖြင့်၎င်း၊ လုပ်နေကြလေ့ထုံးစံအနေနှင့်၎င်း ဆက်၍အသက်ရှင်နေသေးသည်၊ တကယ့်စိတ်အားထက်သန်မှုကို ရှာမတွေ့နိုင်တော့ပါ။

င။ ထိုအသင်းတော်သို့ သခင်ခရစ်တော်ပို့သောသတင်းစကား၊ ၅၊ ၇။

၁။ အားပေးခြင်းဖြစ်သည်။ အရင်နေရာအရပ်(အခြေအနေ)ကို အောက်မေ့ပါ ၅။ မျက်မှောက် ဝမ်းနည်းစရာအခြေအနေကို ထိုအခြေအနေနှင့် နှိုင်းယှဉ်ပါ။

၂။ နောင်တရစေခြင်း။ မျက်မှောက်အခြေအနေကို သင့်အပြစ်ကြောင့်ဟု နားလည်၍၊ သေချာကိုင်တွယ်ပါ။

၃။ စစ်မှန်သောနောင်တရခြင်းအနေဖြင့် ယခင်ကလို ပြန်အသက်ရှင်ပါ။
၄။ သတိပေးခြင်း၊ ငါအလျှင်အမြန်သင့်ထံလာမည်။ သင့်မီးခွက်ကိုနေရာမှရွေ့ပစ်မည်။ ထိုသို့ပြုလျှင် ဖေက် အသင်းတော်သည် ကမ္ဘာပေါ်ရှိစစ်မှန်သောအသင်းတော်ကို ကိုယ်စားပြုသည့်အသင်းတော်မဖြစ်နိုင်တော့ပါ။ ပထမချစ်ခြင်းကိုစွန့်ပစ်ခြင်း၏ အဆုံးစွန်သောရလဒ်ဖြစ်ပါသည်။
၅။ ကတိပေးခြင်း။ နားရှိသောသူ(ဝိညာဉ်ရေးနားရှိသူ)သည် ဝိညာဉ်တော်က အသင်းတော်များအား ပြောသောစကားကို ကြားပါစေ။ ဝိညာဉ်တော်က သခင်ခရစ်တော်၏နှုတ်ကပတ်တော်ကိုပြောနေပါသည်။ သတိပြုရန်မှာ အသင်းတော်များဟုပြောနေခြင်းဖြစ်သည်။ အဆုံးတိုင်အောင် တည်ကြည်သူကို ဘုရားသခင်၏ ပရဒိသုကိုပေးမည်၊ ထာဝရအသက်ကိုဆိုလိုပါသည်။ အသက်ပင်ဆိုသည်မှာ ဘုရားသခင်၏ထာဝရမိတ်သဟာယဖွဲ့ခြင်းကိုဆိုလိုသည်။